**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး**

**၁၂ ရက်မြောက်နေ့အစီအစဉ်**

**[ ၁–၂–၂၀၁၃ ] (သောကြာနေ့)**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဝင်းသန်း၊ သာပေါင်း မဲဆန္ဒနယ်၏ **ကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားအလိုက် အချိန်ကာလသတ်မှတ်၍ အနိမ့်ဆုံးဈေးနှုန်း အာမခံမှု (Minimum Purchase Guarantee Price) ကို ဈေးကွက်စီးပွားရေး မူဘောင်အတွင်းမှ နိုင်ငံတော် အစိုးရ၏ ကြီးကြပ်မှုဖြင့် ကြိုတင်သတ်မှတ် ဆောင်ရွက်ပေးနိုင်ရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **ယခင်ကုန်သွယ်ရေးဝန်ကြီးဌာနက ယင်းဌာနတွင် (၁၇/၁၈) နှစ်ကြာ အစိုးရ အဆက်ဆက် ယာဉ်မောင်းများအဖြစ် ဆောင်ရွက်ခဲ့ကြသည့် ဝါရင့်ယာဉ်မောင်းကြီးများအား ယာဉ်မောင်းဘဝမှ ယာဉ်ပိုင်ရှင်ဘဝသို့ ရောက်ရှိရေး စီစဉ်ဆောင်ရွက်ခဲ့မှု** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဒေါ်နန်းစေအွာ၊ ဘားအံ မဲဆန္ဒနယ်၏ **ဘားအံမြို့နယ်အတွင်း ဘိလပ်မြေစက်ရုံတည်ဆောက်ခြင်းကို ဒေသခံပြည်သူများမှ ကန့်ကွက်ကြောင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေသော အခြားစက်ရုံ၊ အလုပ်ရုံများထားရှိပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **ဟဲဟိုးလေယာဉ်ကွင်းအနီး၌ လေယာဉ်ပျက်ကျမှုဖြစ်စဉ်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးဝင်းမြင့်၊ ပုသိမ် မဲဆန္ဒနယ်၏ **တရားစီရင်ရေး၏ မူတစ်ခုဖြစ်သည့် ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး လက်တွေ့အကောင်အထည်ဖော်ကြရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးဝင်းကို၊ ဆီဆိုင် မဲဆန္ဒနယ်၏ **ဆီဆိုင်မြို့နယ်၊ တရားရုံးဝန်ထမ်းအိမ်ရာများပျက်စီး ယိုယွင်း၍ နေမရဖြစ်နေပါသဖြင့် သင့်လျော်သော အိမ်ရာ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဆ) ဦးအောင်ဇင်၊ ပုဇွန်တောင် မဲဆန္ဒနယ်၏ **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်သက်ဆိုင်သည့် အကြောင်းအရာ ၂ ခု** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးခင်ဝင်း၊ ပန်းတောင်း မဲဆန္ဒနယ်၏ **၂၀၁၃ ခုနှစ်၊ မိုးစပါးချေးငွေများ ထုတ်ချေးရာတွင် ၂၀၁၂ ခုနှစ်၊ ချေးယူထားငွေများအတွက် စိစစ်ကာ ဆပ်/ချေး စနစ်ဖြင့် ထုတ်ချေးပေးနိုင်ခြင်းရှိ/မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဈ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **ဝေါမြို့နယ်ရှိ ပုကိုင်တာကြီးအား အကြီးစားပြုပြင်မှု ပြုလုပ်ရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ည) ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **သုံးခွမြို့နယ်ရှိ ရေထိန်းတံခါး ၃ ခု ၏ ရေထိန်းတံခါးများအား လျှပ်စစ်မော်တာဖြင့် ခလုတ်တစ်ချက် နှိပ်ရုံမျှဖြင့် ပိုလျှံရေများကို နာရီပိုင်း အတွင်း အကုန်အစင် စီးဆင်းသွားအောင် ခေတ်မီယန္တရားများ တပ်ဆင်ပေးနိုင်ခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော **"တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၇။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော **"ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၃ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။